
ကိုရိုနာဗို င်းရပ်စ်ပိ (COVID-19) ဆိုင်ရာသတင်းအမှတ် (၁၄) 15/2/2021

## 1． ကမ္ဘာ့နိုင်ငံများနှင့်ဂျပန်နိုင်ငံ၏ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှုအခြေအနေ

ကမ္ဘာပေါ် ရှိအသစ်ရောဂါကူးစက်ခံရသူဦးရေ **( WHO ဇန္နဝါရီ ၂၄-ရက် ၂၀၂၁-ခုနှစ်)**

အပါတ်စဉ်ရောဂါကူးစက်ခံရသူဦးရေနှင့်ရောဂါကူးစက်ခံရပြီးသေဆုံးသူ ရာခိုင်နှုန်း ၂.၂**%**

ကမ္ဘာပေါ် ရှိအပါတ်စဉ် COVID-19 ကူးစက်ခံရပြီးသေဆုံးသူဦးရေ (WHO ဇန္နဝါရီလ ၂၄-ရက်)





ကမ္ဘာပေါ်တွင် အပါတ်စဉ်ရောဂါကူးစက်ခံရသူဦးရေ လေးသန်းမှငါးသန်းခန့်ကူးစက်ခံရပြီး၊ သေဆုံးသူဦးရေမှာရှစ်သောင်းငါးထောင်ကျော်ရှိနေသည်။ကူးစက်မှုနှုန်းအမြင့်မားဆုံးသို့ရောက်ရှိနေသည်ဟုယူဆရသည်။ သေဆုံးသူရာခိုင်နှုန်း ၂.၂ %ဖြစ်သည်။ ကမ္ဘာပေါ်တွင်စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ သန်းတရာကျော်ဖြစ်ပြီး သေဆုံးသူဦးရေမှာလည်း (၂၁)သိန်းကျော်ပြီဖြစ်သည်။ ( WHO ဇန္နဝါရီ ၂၄-ရက် ၂၀၂၁-ခုနှစ်)


ဇန္နဝါရီလတတိယပါတ်အတွင်းကူးစက်ခံရသည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

- ကမ္ဘာပေါ်တွင်ကူးစက်မှုအခြေအနေကိုထုတ်ဖော်ပြောကြားသည့်နိုင်ငံများအနက်အမြင့်မားဆုံးငါးနိုင်ငံမှာ အမေရိကန်၊ ဘရာဇီး၊ အင်္ဂလန်၊ ရုရှား၊ ပြင်သစ်နိုင်ငံတို့ဖြစ်ကြပြီး အထူးသဖြင့်အမေရိကန်နိုင်ငံ၏ ကူးစက်မှုနှုန်းမှာ ပြောင်းလဲမှုမရှိပဲ နေ့စဉ် လူနှစ်သိန်းကျော် ကူးစက်မှုခံနေရသည်ဟု သိရသည်။
- အမေရိကတိုက်တွင်ကူးစက်ခံရသူများပြားနေပြီး အမေရိကန်၊ ဘရာဇီး၊ ကိုလံဘီယာနိုင်ငံတို့ကသိသာထင်ရှားသည်။
- အာဖရိကဒေသများတွင်လည်းများပြားလျှက်ရှိပြီးဇန္နဝါရီလ တတိယပါတ်တွင် တောင်အာဖရိက၊ နိုင်ဂျီးရီးယား၊ ဇမ်ဘီယာနိုင်ငံတို့တွင်ကူးစက်မှု သိသာထင်ရှားသည်။
- အာရှတိုက်တွင် ဂျပန်၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား နိုင်ငံတို့တွင်ကူးစက်မှုမြင့်မားလာနေသည်ကိုသိရှိရသည်။ အိန္ဒိယနိုင်ငံတွင်ကူးစက်ခံရသူဦးရေများပြားသော်လည်း လျော့ပါးစပြုလာနေပြီဖြစ်သည်။

ဂျပန်နိုင်ငံတွင်အပါတ်စဉ် COVID-19ကူးစက်ခံရသူဦးရေနှင့် ကူးစက်ခံရပြီးသေဆုံးသူရာခိုင်နှုန်း ၁.၄%
(ဇန္နဝါရီလ ၁၉-ရက် ၂၀၂၁-ခုနှစ်)





တိုကျိုမြို့၏အပါတ်စဉ် COVID-19 ကူးစက်ခံရသူဦးရေနှင့် ကူးစက်ခံရပြီးသေဆုံးသူရာခိုင်နှုန်း 0.9%
ဇန္နဝါရီလ ၁၉-ရက် ၂၀၂၁-ခုနှစ်




- ဂျပန်တနိုင်ငံလုံးနှင့်တိုကျိုမြို့ရှိအသစ်ကူးစက်ခံလူနာဦးရေမှာ ခရစ်စမတ်နှင့် နှစ်သစ်ကူးရာသီတွင်လူအများ ခရီးသွားလာခြင်း၊ လူစည်ကားသောနေရာများသို့သွားလာခြင်းများကြောင့် ဇန္နဝါရီလပထမပါတ်နှင့် ဒုတိယပါတ်များတွင် ကူးစက်ခံရသူဦးရေရုတ်တရက်တိုးပွားလာသည်ဟုယူဆရသည်။ ၂၀၂၁-ခုနှစ်ဇန္နဝါရီလ ၈-ရက်နေ့မှစတင်၍ တိုကျိုမြို့ ချီဘာခရိုင်၊ စိုက်တမခရိုင်၊ ခနဂါဝါခရိုင်တို့တွင် ဇန္နဝါရီလ ၁၄-ရက်နေ့မှစတင်၍ တိုချိဂိခရိုင်၊ ဂိဖုခရိုင်၊ အိုင်းချိခရိုင်၊ ကျိုတိုခရိုင်၊ အိုဆာကာခရိုင်၊ ဟယောဂိုခရိုင်၊ ဖူကူအိုကာခရိုင်အစရှိသော ဒေသ (၁၁)ခုတွင်အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေငြာခဲ့ပါသည်။ ဇန္နဝါရီလ တတိယပါတ်မှ စတင်၍တိုကျိုအပါအဝင် တနိုင်ငံလုံးတွင်အသစ်ကူးစက်ခံရသူဦးရေ စတင်လျော့ပါးလာပါသည်။

## 2. ဗီဇပြောင်းလဲလာသောကိုရိုနာဗိုင်းရပ်စ်ပိုးအသစ်

**Figure 3. Countries, territories and areas reporting SARS-CoV-2 VOC 202012/01 and SARS-CoV-2 501Y.V2 variant as of 19 January 2021**




- ယခုလက်ရှိအချိန်တွင်ကမ္ဘာပေါ်၌ ဗီဇပြောင်းလဲလာသော ကိုရိုနာဗိုင်းရပ်ပိုးကူးစက်ခြင်းတိုးပွားလျှက်ရှိသည်။
- အင်္ဂလန်နိုင်ငံမှစတင်သော B.1.1.7(VOC 202012/01) ဟုခေါ်သောဗီဇပြောင်းပိုးမျိုးသစ်တမျိုးမှာ ယခု ၂၀၂၁-ခုနှစ် ဇန္နဝါရီလ ၁၉-ရက် အချိန်တွင် ကမ္ဘာ့နိုင်ငံ(၆၀)တွင်တွေ့ရှိနေပြီဖြစ်သည်။ အခြားသော ဗီဇပြောင်းပိုးများထက် လျင်မြန်၊လွယ်ကူစွာကူးစက်နိုင်သည်ဟုသိရှိရပြီး ထိုအချက်သည် ရောဂါပြင်းထန်သူများနှင့် သေဆုံးသူဦးရေတိုးပွားစေခြင်းအစရှိသောအချက်များနှင့်သက်ဆိုင်သည်ဆိုသော အထောက်အထားမရှိပါ။
- တောင်အာဖရိကနိုင်ငံတွင် 1.351 (501Y.V2) ဟုခေါ်ဆိုသောဗီဇပြောင်းပိုးမျိုးသစ်ကို အောက်တိုဘာတွင် စတင်တွေ့ရှိရပြီး ယခု ဇန္နဝါရီလ(၁၉)ရက်အချိန်တွင်ကမ္ဘာ (၂၃)နိုင်ငံတွင်တွေ့ရှိနေရပြီဖြစ်သည်။
- ဘရာဇီးနိုင်ငံတွင်လည်း P.1 ဟုခေါ်ဆိုသော ဗီဇပြောင်းပိုးမျိုးသစ်ကို တွေ့ရှိရပြီး ဘရာဇီးနိုင်ငံမှဂျပန်နိုင်ငံသို့ရောက်သောခရီးသွားလေးဦးအားဖြင့်ဂျပန်နိုင်ငံသို့ရောက်ရှိလာသည်ကိုသိရှိရပါသည်။

https://www.who.int/publications/m/item/weekly-epidemiological-update---19-january-2021
https://www.cdc.gov/coronavirus/2019-ncov/transmission/variant.html

## 3. မိသားစုအတွင်းကူးစက်ခြင်း

- ဆက်နွယ်နေသော သုတေတသန (၅၄)ခုအရ လူပေါင်း (ရရရ၅၈)ဦး၏ မိသားစုအတွင်း COVID-19 ကူးစက်မှုရာခိုင်နှုန်း ၁၈.၈% ရှိပြီး ဤတွေ့ရှိချက်အားဖြင့် SARS (၇.၅%)နှင့် MERS (၄.၇%) တို့၏ကူးစက်နှုန်းထက်မြင့်မားပါသည်။ ရောဂါလက္ခဏာပြသော ကူးစက်ခံရသူဦးရေမှာ (၁၈.၈%) ရှိပြီး ရောဂါလက္ခဏာမပြသော (၀.၇%)နှင့်နှိုင်းယှဉ်ပါက မြင့်မားသည်။လူကြီးအချင်းချင်းထိတွေ့မှုကြောင့်ကူးစက်ခံရခြင်းသည် (၂၈.၃%) ရှိပြီး ကလေး

သူငယ်များနှင့်ထိတွေ့ခြင်းအားဖြင့် ကူးစက်ခံရမှု (၁၆.၈%) ထက်လည်းမြင့်မားပါသည်။ အိမ်ထောင်ဖက်ထံမှ ကူးစက်ခြင်း(၃၇.၈%) သည်လည်း အခြားသောမိသားစုဝင်ထံမှကူးစက်ခြင်း(၁၇.၈% ) ထက်မြင့်မားပါသည်။ အတူနေထိုင်သူဦးရေ တဦး (၄၁.၅%) နှင့်အတူနေမိသားစု သုံးဦးထက်များသူ (၂၂.၈%) အားဖြင့်လည်း အတူနေ မိသားစုနည်းပါးသောမိသားစု၏မိသားစုတွင်းကူးစက်မှုနှုန်းမြင့်မားမှုရှိနိုင်သည်ဟုတွေ့ရှိရပါသည်။

Household Transmission of SARS-CoV-2 A Systematic Review and Meta-analysis

https://jamanetwork.com/journals/jamanetworkopen/fullarticle/2774102

## 4. ကိုရိုနာဗိုင်းရပ်စ်ပိုး၏လက်ရှိအခြေအနေနှင့်ပတ်သက်၍သိထားသင့်သောအချက်(၁၀)ချက် (၂၀၂၀-ခုနှစ် ဒီဇင်ဘာလ ကျန်းမာရေးနှင့်အလုပ်သမားရေးဝန်ကြီးဌာန)

1) ဂျပန်နိုင်ငံတွင် ယခုအချိန်အထိ လူဦးရေ (၂၀၉၉၈၀) ဦးကကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသည်ဟု စစ်ဆေးတွေ့ရှိရပြီး တနိုင်ငံလုံးရှိလူဦးရေ၏ (၀.၂%)နှင့်ညီမျှသည်ဖြစ်သည်။

2) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်မှုခံရသူများအနက် ရောဂါပြင်းထန်သူနှင့် သေဆုံးသည့်ရာခိုင်နှုန်းမှာ အသက်အရွယ် အလိုက်ကွဲပြားနေပြီး အသက်အရွယ်ကြီးရင့်သူများတွင် ရာခိုင်နှုန်းမြင့်မားပြီး အသက် အရွယ်ငယ်သူများတွင် နည်းပါးသည်။

- ရောဂါပြင်းထန်သူရာခိုင်နှုန်းမှာ ၁.၆% ဖြစ်ပြီး (အသက်(၅၀)နှင့်အောက်တွင် (၀.၃%) နှင့်အသက် (၆၀)ကျော်သူများတွင် (၈.၅%) ။
- သေဆုံးသူရာခိုင်နှုန်းမှာ (၁.၀%) (အသက်(၅၀)အောက်တွင် (၀.၀၆%) နှင့်အသက် (၆၀)ကျော်သူ များတွင် (၅.၇%) ရှိပါသည်။

3) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသူများအနက် အသက်အရွယ်ကြီးရင့်သူများနှင့်ရောဂါအခံရှိသူ များ ( နာတာရှည်COPD အဆုတ်ရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံး၊သွေးကြောဆိုင်ရာရောဂါရှိသူများ၊ အဝလွန်သူများ) သည်ရောဂါပြင်း ထန်နိုင်ပါသည်။ ကိုယ်ဝန် ဆောင်များ၊ ဆေးလိပ်သောက်တတ်သူများနှင့်ပတ်သက်၍ ရောဂါပြင်းထန်နိုင်ခြင်းရှိ၊မရှိသေချာစွာ မသိရှိ နိုင်သော်လည်း သတိထားရန်လိုအပ်ပါသည်။

4) ဂျပန်နိုင်ငံ၏လူဦးရေအရ ကူးစက်ခံရသူနှင့် သေဆုံးသူဦးရေမှာကမ္ဘာပေါ် ရှိပျမ်းမျှအရေအတွက်နှင့် ကူး စက်မှုများပြားသောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါး၊လျော့ပါးလာသည့်အခြေအနေတွင်ရှိနေပါသည်။

5) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူတဦးထံမှအခြားသူထံသို့ကူးစက်နိုင်သောကာလမှာ ရောဂါလက္ခ ဏာမစတင်မှ နှစ်ရက်အလိုမှ ရောဂါလက္ခဏာပြပြီး(၇)ရက်မှ(၁၀)ရက်အတွင်းဟုဆိုကြသည်။ထိုကူးစက် နိုင်သောကာလအထဲမှ ရောဂါစတင်မဖြစ်မီနှင့်ရောဂါလက္ခဏာပြပြီးနောက်တွင်ကူးစက်စေနိုင်သည့်ဗိုင်း ရပ်စ်ပိုးထုတ်လွှင့်မှုမြင့်မားသည်ဟုယူဆကြပါသည်။

6) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရသူများအနက် အခြားသူများအားကူးစက်စေနိုင်သူမှာ ၂၀% အောက်တွင်ရှိပြီး အများစုမှာအခြားသူများအားကူးစက်စေနိုင်ခြင်းမရှိဟု ယူဆရပါသည်။ သို့အတွက် ကူးစက်မှုမရှိစေရန်သတိပြုရမည့်အချက်သုံးချက်ဖြစ်သော အလုံပိတ်ထားသောနေရာ၊ လူဦးရေထူထပ် သောနေရာ၊ နီးကပ်စွာ နေခြင်းအားဖြင့် လူတဦးမှလူအများထံသို့ ကူးစက်ခြင်းသာမရှိခဲ့ပါက ကိုရိုနာဗိုင်း ရပ်စ်ပိုးကူးစက်ရောဂါအားထိန်းချုပ်နိုင်မည်ဟုယူဆရသည်။

7) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ရောဂါသည် လေထဲတွင်လွင့်ပါခြင်း၊ ထိတွေ့ခြင်းများအားဖြင့်ကူးစက်သဖြင့် အချက်သုံးချက်ဖြစ်သော အလုံပိတ်ထားသောနေရာ၊ လူဦးရေထူထပ်သောနေရာ၊ နီးကပ်စွာ နေခြင်းအားဖြင့် ကူးစက်နှုန်းမြင့်မားစေနိုင်ပါသည်။ ထို့အပြင်အရက်သေစာသောက်စားမှုပါဝင်သော လူစုဝေးခြင်းများတွင် လူအများက ကြာရှည်သောအချိန်ကာလတွင် စားသောက်ခြင်း၊ နှာခေါင်းနှင့်ပါးစပ်ဖုံးအုပ်ထားခြင်းမရှိပဲစကားပြောဆိုခြင်း၊ ကျဉ်းမြောင်းသောနေရာတွင်အတူရှိနေခြင်း၊ အလုပ်ခွင်အတွင်းအနားယူချိန်တွင်ရှိနေသည့်နေရာမှရွှေ့ပြောင်းခြင်း(နားနေခန်း၊ အဝတ်လဲခန်း၊ ဆေးလိပ်သောက်သည့်နေရာ)အစရှိသည်တို့အားဖြင့် ကူးစက်ရန်လွယ်ကူသည့်အတွက် အထူးသတိပြုရန်လိုအပ်သည်။

8) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရခြင်းရှိ၊မရှိစစ်ဆေးရာတွင် PCRစစ်ဆေးနည်း၊ ပဋိပစ္စည်းအစေအတွက်စစ်ဆေးခြင်းနှင့် ပြန်လှန်တွန်းခံနိုင်စွမ်းရှိ၊မရှိစစ်ဆေးခြင်းအစရှိသည့်နည်းလမ်းများရှိပါသည်။မည်သည့်နည်းမဆို ခန္ဓာကိုယ်အတွင်းတွင် ဗိုင်းရပ်စ်ပိုးရှိနေပြီး ကူးစက်ခံရခြင်းရှိ၊မရှိစစ်ဆေးသောနည်းလမ်းများဖြစ်သည်။ အသစ်သောစစ်ဆေးနည်းများရှာဖွေခြင်းအားဖြင့် စစ်ဆေးနည်းနှင့်ရောဂါလက္ခဏာအပေါ်မူတည်၍နှာခေါင်းနှင့်အာခေါင်မှအရည်အားဖြင့်စစ်ဆေးခြင်းသာမကပဲ သွားရည်၊ နှာခေါင်းဘေးအိတ်အတွင်းမှအရည်ကိုယူ၍ စစ်ဆေးခြင်းများလည်းပြုလုပ်လာနိုင်နေပြီဖြစ်သည်။ပဋိပစ္စည်းစစ်ဆေးခြင်းသည်ယခင်ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခြင်းခံရခြင်းရှိ၊မရှိကိုစစ်ဆေးခြင်းဖြစ်သောကြောင့် စစ်ဆေးသည့်အခါတွင်ရောဂါကူးစက်ခြင်းခံနေရခြင်းရှိ၊မရှိဟူသောရည်ရွယ်ချက်ဖြင့်စစ်ဆေးနိုင်ခြင်းမရှိပါ။

9) ရောဂါလက္ခဏာပြင်းထန်ခြင်းမရှိခဲ့ပါက အခြေအနေစောင့်ကြည့်ခြင်းသက်သက်ဖြင့်သဘာဝအတိုင်းပြန်လည်ကောင်းမွန်နိုင်ပြီး လိုအပ်သောအခါတွင် ကိုယ်ပူကျဆေးအစရှိသောဆေးပေးခြင်း၊ အသက်ရှူရန်ခက်ခဲလာသောအခြေအနေသို့ရောက်ပါက အောက်ဆီဂျင်ပေးခြင်း၊ စတီးရွိုက်ဟိုမုန်းဆေး(ယောင်ယမ်းခြင်းမှသက်သာစေမည့်ဆေး)များပေးခြင်း၊ ဗိုင်းရပ်စ်တွန်းလှန်နိုင်မည့်ဆေးများပေးပြီးမသက်သာပါက အသက်ရှူအကူစက်တပ်ဆင်ခြင်းအစရှိသောကြပ်မတ်ကုသခြင်းများကိုပြုလုပ်ပါမည်။သို့သော်လည်း အသက်အရွယ်ကြီးရင့်သူများ၊ ရောဂါအခံရှိသူများသည်ရုတ်တရက်ရောဂါအခြေအနေဆိုးဝါးနိုင်ပါသဖြင့်သတိထားရန်လိုအပ်သည်။

10) ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ရောဂါပိုးအတွက်ကာကွယ်ဆေးနှင့်ပတ်သက်၍ ပြည်တွင်းနှင့်ပြည်ပနိုင်ငံများတွင်ကြိုးစား၍စမ်းသပ်ဖော်ထုတ်လျှက်ရှိပြီး အချို့သောနိုင်ငံများတွင် အရေးပေါ်အခြေအနေအရအသုံးပြုခွင့်ပြုနေပြီး ကာကွယ်ဆေးထိုးခြင်းများလည်းစတင်နေပြီဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင်လည်းအသုံးပြုခွင့်လျှောက်ထားသောကာကွယ်ဆေးရှိနေပြီး ပြည်တွင်း၊ပြည်ပရှိစမ်းသပ်ဆေးထိုးမှုရလဒ်များပေါ်တွင်အခြေခံ၍ ကာကွယ်ဆေးအဖြစ်အသိအမှတ်ပြုရန် စစ်ဆေးလျှက်ရှိပါသည်။စစ်ဆေးမှုပြီးဆုံးပြီးအသိအမှတ်ပြုပြီးသောအခါတွင် ကာကွယ်ဆေးထိုးရန်ဆန္ဒရှိသူများအားလျင်မြန်စွာ ထိုးပေးနိုင်ရန်ပြင်ဆင်လျှက်ရှိပါသည်။သာမန်အားဖြင့်ကာကွယ်ဆေးတွင် ကူးစက်ရောဂါမဖြစ်ပေါ်စေရန်နှင့် ရောဂါပြင်းထန်မှုမရှိစေရန်ကာကွယ်နိုင်သည့်အာနိသင်ရှိပါသည်။ အမေရိကန်နိုင်ငံ၏ဖိုင်ဇာကုမ္ပဏီ၊ Modernaကုမ္ပဏီ၊ AstraZenecaကုမ္ပဏီတို့သည်တတိယအဆင့်စမ်းသပ်မှုတွင် ထုတ်ဖော်ဆဲကာကွယ်ဆေးအားထိုးထားသူများက ကာကွယ်ဆေးမထိုးထားသူများထက်ရောဂါကူးစက်သူနည်းပါးသည်ဆိုသောရလဒ်ကိုစမ်းသပ်ဆဲအခြေအနေတွင်ရရှိသည်ဟုထုတ်ဖော်ပြောကြားခဲ့ပါသည်။ သာမန်အားဖြင့်ကာကွယ်ဆေးထိုးရာတွင် ဘေးထွက်ဆိုးကျိုးကြောင့်ဖြစ်သော ကျန်းမာရေးထိခိုက်စေခြင်းနည်းပါးသော်လည်းမလွဲမရှောင်သာသောအခြေအနေမျိုးလည်းရှိတတ်သည်။ကိုရိုနာဗိုင်းရပ်စ်ပိုးကာကွယ်ဆေးကြောင့်ဖြစ်ပေါ်စေသောဘေးထွက်ဆိုးကျိုး

နှင့်ပတ်သက်၍ စမ်းသပ်ထိုးနှံရာတွင်ဘေးထွက်ဆိုးကျိုးနှင့်ပတ်သက်၍ တွေ့ရှိထားခြင်းများလည်း ရှိပါသည်။

https://www.mhlw.go.jp/content/000712224.pdf　厚生労働省

Tamotsu Nakasa　SHARE ၏ပူးတွဲဥက္ကဋ္ဌ　MD

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会


新型コロナウイルス感染症（COVID-19）情報 No.14　 2021/2/15

## １．世界と日本の COVID-19 感染状況（Global and Japanese Situation of COVID-19）

世界の COVID-19 新規陽性者（WHO　2021 年 1 月 24 日）

週別　新規陽性者数　　陽性者致死率 2.2%

Figure 1: COVID-19 cases reported weekly by WHO Region, and global deaths, as of 24 January 2021**




世界の毎週の新規陽性者数は約 400－500 万人、新規死亡者数 8.5 万人を超えていたが、増加率が上限に達している傾向である。致死率は 2.2%である。累計の陽性者数はほぼ 1 億人に達し、死亡者も 210 万人を超えている。（2021 年 1 月 24 日、WHO）

1 月第 3 週の増加率の状況は下記のとおりである。


・世界で最も多くの症例を報告した 5 か国は、アメリカ、ブラジル、英国、ロシア、フランスであり、特にアメリカの増加率は相変わらず高く、毎日 20 万人以上の新規陽性者が確認されている。

・アメリカ地域における新規陽性者数が多く、米国、ブラジル、コロンビアが目立つ。


・アフリカ地域でも増加しており、1 月第 3 週では、南アフリカ、ナイジェリア、ザンビアの増加が目立っている。

・アジア地域では、日本、マレーシア、フィリピン、インドネシアにおける増加がみられている。インドでは、絶対数は多いものの、減少傾向である。

日本の週毎の COVID-19 新規陽性者数　陽性者致死率 1.4%（2021 年 1月 19 日）





東京都の週毎の COVID-19 新規陽性者数　陽性者致死率 0.9%（2021 年 1 月 19 日）




・全国及び東京での新規陽性者数は、クリスマスから年末年始の人々の移動や繁華街への外出の増加により、1 月の 1，2 週の急激な陽性者数の増加をきたしたと考えられ、2021 年 1 月 8 日より、東京都、千葉県、埼玉県、神奈川県、1 月 14 日より、栃木県、岐阜県、愛知県、京都府、大阪府、兵庫県、福岡県の 11 都府県で緊急事態宣言が発せられた。1 月 3 週からは、東京、全国とも新規陽性者数の減少傾向を見せている。

## 2．新型コロナウイルス変異株

**Figure 3. Countries, territories and areas reporting SARS-CoV-2 VOC 202012/01 and SARS-CoV-2 501Y.V2 variant as of 19 January 2021**




・現在、複数の COVID-19 変異株が世界中で流行している。

・英国（UK）において出現した B.1.1.7(VOC 202012/01)と呼ばれる新しい亜種は、2021 年 1 月 19 日現在、世界の 60 か国で報告されており、他の変異株よりも簡単かつ迅速に拡散しやすいといわれているが、それがより重篤な病気や死亡リスクの増加を引き起こすという証拠はない。

・南アフリカでは、1.351（501Y.V2）と呼ばれる変異株が出現した。この亜種は、もともと 10 月初旬に検出されたもので、1 月 19 日現在、23 か国で報告されている。

・ブラジルでは、P.1 と呼ばれる亜種が出現し、ブラジルから日本への 4 人の旅行者で特定された。

https://www.who.int/publications/m/item/weekly-epidemiological-update---19-january-2021

https://www.cdc.gov/coronavirus/2019-ncov/transmission/variant.html

## 3. 家庭内の感染

・54 の関連した研究の結果、77,758 人の COVID-19 の家庭内感染率は 16.6%、これは SARS（7.5%）及び MERS (4.7%) の感染率より高かった。有症状の感染率は 18.8%であり、無症状者の 0.7 %に比べ、高かった。大人との接触によるものが 28.3%であり、子どもとの接触（16.8%）よりも高かった。配偶者からの感染率 (37.8%) はその他の家族からの感染率 (17.8%) より高かった。同居人数が 1 人 (41.5%)、同居人図んが 3 人以上（22.8%）と、同居人数が少ない方が、家庭内感染率が高い傾向を示した。

Household Transmission of SARS-CoV-2 A Systematic Review and Meta-analysis

https://jamanetwork.com/journals/jamanetworkopen/fullarticle/2774102

**4. 新型コロナウイルス感染症の"いま"についての 10 の知識（2020 年 12 月　厚生労働省）**

1）日本では、これまでに約 209,980 人が新型コロナウイルス感染症と診断されており、これは全人口の約 0.2 %に相当する。

2）新型コロナウイルス感染症と診断された人のうち、重症化する人の割合や死亡する人の割合は年齢によって異なり、高齢者は高く、若者は低い傾向にある。
・重症化する人の割合は 約 1.6%（50 歳代以下で 0.3%、60 歳代以上で 8.5%）、
・死亡する人の割合は 約 1.0%（50 歳代以下で 0.06%、60 歳代以上で 5.7%）である。

3）新型コロナウイルス感染症と診断された人のうち、高齢者と基礎疾患（慢性閉塞性肺疾患（COPD）、慢性腎臓病、糖尿病、高血圧、心血管疾患、肥満）があるひとは、重症化しやすい。また、妊婦や喫煙歴などが重症化しやすいかは明らかでないものの、注意が必要とされている。

4）日本の人口当たりの感染者数、死者数は、全世界の平均や主要国と比べて低い水準で推移している。

5）新型コロナウイルスに感染した人が他の人に感染させてしまう可能性がある期間は、発症の 2 日前から発症後 7 ～10 日間程度とされている。また、この期間のうち、発症の直前・直後で特にウイルス排出量が高くなると考えられている。

6）新型コロナウイルス感染症と診断された人のうち、他の人に感染させているのは 2 割以下で、多くの人は他の人に感染させていないと考えられている。このため、感染防護なしに 3 密（密閉・密集・密接）の環境で多くの人と接するなどによって 1 人の感染者が何人もの人に感染させてしまうことがなければ、新型コロナウイルス感染症の流行を抑えることができると考えられる。

7）新型コロナウイルス感染症は、主に飛沫感染や接触感染によって感染するため、 3 密（密閉・密集・密接）の環境で感染リスクが高まる。このほか、飲酒を伴う懇親会等、大人数や長時間におよぶ飲食、マスクなしでの会話、狭い空間での共同生活、仕事で休憩時間に入るなど居場所が切り替わった時（休憩室、喫煙所、更衣室）といった場面でも感染が起きやすく、注意が必要である。

8）新型コロナウイルス感染症を診断するための検査には、PCR 検査、抗原定量検査、抗原定性検査等があり、いずれも被検者の体内にウイルスが存在し、ウイルスに感染しているかを調べるための検査である。新たな検査手法の開発により、検査の種類や症状に応じて、鼻咽頭ぬぐい液だけでなく、唾液や鼻腔ぬぐい液を使うことも可能になっている。なお、抗体検査は、過去に新型コロナウイルス感染症にかかったことがあるかを調べるものであるため、検査を受ける時点で感染しているかを調べる目的に使うことはできない。

9）軽症の場合は経過観察のみで自然に軽快することが多く、必要な場合に解熱薬などの対症療法を行う。呼吸不全を伴う場合には、酸素投与やステロイド薬（炎症を抑える薬）・抗ウイルス薬の投与を行い、改善しない場合には人工呼吸器等による集中治療を行うことがある。ただ、高齢者や基礎疾患がある方は、突然、悪化することもあるので注意が必要である。

10）　新型コロナウイルス感染症に対するワクチンは、国内・海外で多数の研究開発が精力的に行われており、一部の国においては、緊急的な使用等が認められ、接種が開始されている。日本国内でも承認申請が行われたワクチンがあり、国内外の臨床試験結果等を踏まえ、承認審査が行われ、審査が終了し承認された場合に、ワクチン接種を希望される方々が速やかに受けて頂けるように、準備に取り組んでいる。一般的に、ワクチンには感染症の発症や重症化を予防する効果があり、ファイザー社、

モデルナ社、アストラゼネカ社は、第３相試験で、開発中のワクチンを投与した人の方が、投与していない人よりも、新型コロナウイルス感染症を発症した人が少なかったとの中間結果が得られたと発表している。一般的にワクチン接種には、副反応による健康被害が極めて稀ではあるものの、不可避的に発生する。新型コロナウイルス感染症のワクチンの副反応については、臨床試験等で確認されているところである。

https://www.mhlw.go.jp/content/000712224.pdf　厚生労働省

文責　仲佐保　MD，シェア共同代表理事